# လမ်းနှစ်သွယ်




စာရှုသူအဆွေသင်သည် ဤလောကထဲမှ တစ်နေ့ ပျောက်ကွယ်သွားရမည်ကို သတိ ပြုမိပါသလား။ “သေတစ်နေ့၊ မွေး တစ်နေ့” ဟု ထင်ကောင်း ထင်ပေလိမ့်မည်။ မှန်ပါသည် “သေတစ်နေ့၊ မွေးတစ်နေ့” ဖြစ်၍ကြောက် စရာကောင်း ပါသည်။ လူသည် တစ်ခါတည်း သေ၍ အပြစ်စီရင်ခြင်း ခံရပေဦးမည် (ဟေဗြဲ၉း၂၇)။ အဆွေ၏ အပုပ်ကောင်သည်။ သင်္ချိုင်းကုန်းတွင် လမ်းဆုံးသော်လည်း၊ ဝိညာဉ် အပြစ်စီရင်ခြင်းကိုခံရဦးမည်။ သေပြီးဘာဖြစ်ဖြစ်ဟု အဆွေထင်ကောင်း ထင်ပေလိမ့် မည်။ အဆွေ၏ဝိညာဉ်သည် မည်မျှတန်ဖိုးရှိသည်ကိုသိပါသလား။ “လူသည် စကြာဝဠာကို အကြွင်းမဲ့အစိုးရ၍ အသက်ဝိညာဉ်ဆုံးရှုံးလျှင် အဘယ်အကျိုးရှိမည်နည်း။ အသက် ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင်မည်နည်း။” စကြာဝဠာနှင့်တန်းဖိုးမဖြစ်နိုင်အောင် တန်းဖိုးရှိသော အဆွေ၏ဝိညာဉ်ကယ်တင်ခြင်းရရန် ဤစာစောင်ကို မေတ္တာနှင့်ရေးသားရခြင်း ဖြစ်ပါသည်။

တစ်ခါက လူနှစ်ယောက်တို့သည်ဆေးရုံသို့ဆေးစစ်ရန်သွားကြ၏။ စမ်းသပ်သောအခါ အပြင် လက္ခဏာ၌ ရောဂါမတွေ့ပါ။ ထို့နောက်၎င်းတို့အားဓါတ်မှန်ရိုက်၍ထပ်မံစစ်ဆေး၏။ ဓါတ်မှန် သည် အဆုတ်၊ နှလုံး၊ အသဲ၊ ကျောက်ကပ်စသော မျက်စိဖြင့် မမြင်နိုင်သည့် လူ၏ အတွင်းပိုင်း ကိုစစ်ဆေးပေး၏။ ဓါတ်မှန်စက်က ထိုသူနှစ်၏အသက်ကိုအန္တ ရယ်ဖြစ်စေသော ရောဂါဆိုး ရှိကြောင်း ဖော်ပြသောအခါ ထိုသူနှစ်ဦးမှာ အထူးတုန်လှုပ်ခြောက်ခြားသွား၏။

ပထမလူသည် သူ၌ထိုရောဂါများရှိကြောင်း သိသောအခါတုန်လှုပ်ခြောက် ခြားသည်နှင့် စဉ်းစားဆင်ခြင်မှုမရှိ။ ဓါတ်မှန်စက်ကြီးအား သူ၏ရောဂါဆိုးကြီးကိုကုသရန် မျက်ရည် စက်လက်နှင့် အသနားခံ တောင်းပန်၏။ ဓါတ်မှန်စက်သည် ရောဂါရှိကြောင်းကိုသာ ဖော်ပြ၍ ရောဂါပျောက်ကင်းရန် ကုသမှုမပေးနိုင်ပါ။ ထိုရောဂါကိုကုသနိုင်သော သမားတော် (ဆရာဝန်) ထံသွားရောက်ကုသမှုခံယူမှသာရောဂါပျောက်မည်ဖြစ်သည်။ ဤကဲ့သို့ စဉ်စားဆင်မှုမရှိသော ထိုသူသည် နေ့စဉ်ဓါတ်မှန်ကြီးအား ရောဂါဆိုးကြီးကို ကုသပေးရန် တဖွတဖွ တောင်းပန်နေ ပါက ထိုသူ၏ လမ်းဆုံးသည် ရောဂါကျွမ်း၍သေခြင်းဖြစ်ပေလိမ့်မည်။

ဒုတိယလူသည်သူ၏ ရောဂါရှိကြောင်းသိသောအခါ၊ ထိတ်လန့်တုန်လှုပ်သွားသော်လည်း ခေတ္တမျှစဉ်းစားဆင်ခြင်၏။ ဓါတ်မှန်စက်သည် ငါ၌ရောဂါရှိကြောင်းကိုသာဖော်ပြ၍ ရောဂါကို ကုသခြင်းငှါမစွမ်းနိုင်။ ထို့ကြောင့်ရောဂါကိုကုသပေးနိုင်သော သမားတော်ထံသွား၍ ကုသမှုကို ခံယူမှသာ အသက်ချမ်းသာမှုရမည်ဟု ဆုံးဖြတ်ပြီး ယုံကြည်အားကိုးစွာဖြင့် သမားတော်ထံ သွားရောက်ခဲ့ပါသည်။ ထိုသူသည် ရောဂါမှလွတ်၍ အသက်ချမ်းသာခြင်းကို ဧကန်အမှန် ရရှိပေလိမ့်မည်။

ဤအဖြစ်အပျက်၌ စာရှုသူအဆွေသည် ပထမလူအား အလွန်မိုက်သောသူ၊ စဉ်းစားဉာဏ်မရှိ သူဟု အပြစ်တင်ကောင်းတင်လိမ့်မည်။ အပြစ်တင်မစောလေနှင့်အဆွေ။ သင်သည်လည်း ထိုအခြေအနေတွင်ရှိနေကြောင်း တွေးတောမိပါသလား။

ဘာသာတရား၌ အလွန်သန့်ရှင်းဖြောက်မတ်၍ ဓါတ်မှန်စက်ကဲ့သို့ မျက်စိဖြင့်မမြင်နိုင်သော အပြစ်များကိုဖော်ပြသည့် ပညတ်တော်များရှိကြောင်း သတိပြုမိပါသလား။ ထိုပညတ်တရား ၃ခုဖြင့် ကျွနုပ်တို့ကိုယ်တိုင်စစ်ဆေးကြည့်ရအောင်။ “သူတပါးဥစ္စာကိုတပ်မက်ခြင်း သူ့ဥစ္စာခိုး ခြင်းဖြစ်သည်။ လူတစ်ဦးကိုတစ်ဦးထောက်မတန်အမျက်ထွက်ခြင်းသည် လူ့အသက်သတ် ခြင်းဖြစ်၏။ သူတစ်ပါးမိန်းမအား လိုချင်တပ်မက်သောစိတ်နှင့်ကြည့်ခြင်းသည် ထိုမိန်းမကိုပြစ်မှားခြင်းဖြစ်၏(မဿဲ၅:၂၁-၂၈)။

ဤပညတ်တရားအရအဆွေသည် သူတပါးဥစ္စာပစ္စည်းကို တစ်ခါမျှတပ်မက်ခြင်းမရှိပါ။ ဒေါသ အမျက်မထွက်ပါ။ လိုချင်တပ်မက်သောစိတ်နှင့် မည်သည့်မိန်းမကိုမှမကြည့်ပါဟု ဆွေပြောရဲ မည်လား။ မွေးဖွားသည့်မှ အသက်ရှင်သည့် ယခုအချိန်အထိ ထိုပညတ်တရားအရ အဆွေ၏ အပြစ်များကို ရေတွက်ခြင်းငှါပင်စွမ်းနိုင်မထင်။ ထိုအပြစ်များကြောင့် သံသရာ၌ အဆွေ၏ လမ်းဆုံးသည် ငရဲပင်မဟုတ်ပါလော။ ဘာသာတရားက အပြစ်ရှိသူတိုင်း ငရဲသွားရမည်ဟု ဖော်ပြထားပါသည်။ ဘာသာတရားကိုမွန်မြတ်သန့်ရှင်းသော ပညတ်တရားတော်များက ဓါတ်မှန်စက်ကဲ့သို့ အဆွေ၌အပြစ်ရှိကြောင်း ဖော်ပြနေပြီး၊ အပြစ်သားမှန်းသိသောအဆွေ မည်ကဲ့သို့ဆက်လုပ်မည်နည်း။ ပထမလူမိုက်ကဲ့သိုလော။ သို့မဟုတ် ဒုတိယလူကဲ့သို့လော။ ဒုတိယလူသည် သူ၏ရောဂါကို ကုသပေးနိုင်သောသမားတော်ကိုသိ၏။ အဆွေ သင်သည် အပြစ်မှ ကယ်တင်နိုင်သော ဘုရားရှင်ကိုသိပြီလား။

လူသားအပေါင်းတို့အား အပြစ်မှကယ်တင်နိုင်သော တစ်ဆူတည်းသော ဘုရားသခင် သည် “ယေရှုခရစ်တော်” ဖြစ်ပါသည်။ ထိုအရှင်က “အပြစ်ဝန်လေး၍ ပင်ပန်းသောသူ အပေါင်းတို့ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်။ ငါ့ထံသို့လာသောသူကို ငါသည် အလျှင်းမပယ်။ သင်တို့အပြစ်သည် ကတ္တီပါနှင့်အမျှနီသော်လည်း၊ မိုးပွင့်ကဲ့သို့ဖြူစင်စေမည်” ဟု စာရှုသူအဆွေအပါအဝင် အပြစ်သားတိုင်းကိုဖိတ်ခေါ်ပါသည်။ ကျွနုပ်တို့၏ အကျင့်အားဖြင့် လည်းကောင်း၊ ဖောက်ပြန်ဖျက်ဆီးတက်သော ရွှေငွေများဖြင်းလည်းကောင်း ကျွနုပ်တို့၏ တန်းဖိုးရှိသော အသက်ဝိညာဉ်ကိုမရွေးနိုင်ပါ။ ပညတ်တရားတွင် အသက်အတွက် အသက် ပေးရသကဲ့သို့ ယေရှုခရစ်တော်သည် ဘုရားဘုန်းစည်းစိမ်ကိုစွန့်ကာ လူ့လောကထဲသို့ကြွဆင်း လာပြီး၊ လူသားပေါင်းတို့၏ အသက်ဝိညာဉ်အတွက် သူ၏အသက်ကိုစွန့်ကာ လက်ဝါကား တိုင်ပေါ်၌ အသေခံခဲ့ပါသည်။ ထို့အပြင် ၃ ရက်မြောက်သောနေ့၌ မည်သည့်ဘုရားမှ မအောင် နိုင်သော သေခြင်းကိုအောင်ခြင်းအားဖြင့် သေဘေးကိုကြောက်၍ တစ်သက်လုံးအပြစ်နှံ့၌ ကျွန်ခံနေရသော လူသားပေါင်းတို့ကို ကယ်တင်နိုင်သောဘုရားသခင်အဖြစ် ရှင်ပြန်ထမြောက် ခဲ့သည်။ သေခြင်းကိုအောင်မြင်တော်မူ၍ ရှင်ပြန်ထမြောက်တော်မူသော အရှင်ယေရှု ခရစ် တော်က “အပြစ်ကိုနောင်တရလျက်၊ ငါ့ကိုယုံကြည်သောသူတိုင်းသည် အပြစ်ကြောင့် ပျက်စီး ခြင်းသို့မရောက်၊ ထာဝရအသက်သို့ရောက်မည်” ဟု လူသားတိုင်အား ဖိတ်ခေါ်နေပါသည်။

စာရှုသူအဆွေ၊ သင်၏ဝိညာဉ်ကယ်တင်ခြင်းရဖို့ရန်အတွက် ရွေးစရာ “လမ်းနှစ်သွယ်” သာရှိ ပေသည်။ ပထမလူမိုက်ကဲ့သို့စဉ်းစားဆင်ခြင်မှုမရှိ၊ အပြစ်ကိုသာဖော်ပြပြီး အပြစ်မှကယ် လွှတ်ခြင်းငှါမတက်နိုင်သော ဘာသာတရားကိုခံယူရုံဖြင့် ငရဲမှလွတ်မည်လော့။ (သို့မဟုတ်) ဒုတိယလူသည် ရောဂါရှိမှန်းသိသောအခါ ရောဂါရှိကြောင်း ပြသသည့်ဓါတ်မှန်စက်ထက် ရောဂါကိုကုသပေးနိုင်သော သမားတော်ထံသို့သွား၍ အသက်ချမ်းသာခွင့်ရသကဲ့သို့ အပြစ် သားဖြစ်သော အဆွေသည် အပြစ်ကိုသာဖော်ပြသော ဘာသာတရားထက် အပြစ်ကို လွှတ်ပိုင် သော ယေရှုခရစ်တော်ကို သင်၏အပြစ်များအတွက် နောင်တရပြီး၊ စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ကိုးကွယ်ကာ အပြစ်ငရဲမှ ကယ်တင်ခြင်းကို ရယူမည်လော့။ အဆွေမည်သည့် လမ်း ကိုရွေးမည်နည်း။

သခင်ယေရှုခရစ်တော်ကို သင်၏ကယ်တင်ရှင်အဖြစ်လက်ခံလိုပါက အောက်ပါကဲ့သို့ ဆု တောင်းရန်အကြံပေးပါရစေ။

“ခရစ်တော်ယေရှုသခင်၊ ကျွန်တော်/ကျွန်မ၏ အသက်တာ၌ ယေရှုဘုရားသခင်ကို လိုအပ် ပါသည်။ ကျွန်တော်/ကျွန်မ၏အပြစ်များအတွက် လက်ဝါးကားတိုင်၌ အသေခံပေး၍ ကျေးဇူး တင်ပါသည်။ ကျွန်တော်/ကျွန်မ၏ စိတ်နှလုံးတံခါးကိုဖွင့်၍ ယေရှုခရစ်တော်အား ကယ်တင်ရှင် နှင့်အသက်သခင်အဖြစ် လက်ခံပါသည်။ ကျွန်တော်/ကျွန်မ၏ စိတ်နှလုံးထဲ၌ အုပ်စိုးတော်မူပါ။ ကျွန်တော်/ကျွန်မ၏ အလိုရှိသည့်တိုင်း ပုံသွင်းပြုပြင်တော်မူပါ။ အာမင်”

ထာဝရဘုရားသခင်ထံတော်ပါးမှ ငြိမ်သက်ခြင်းဆုကျေးဇူးတော်မင်္ဂလာသည် သင့်ပေါ်၌ သက် ရောက် တည်ရှိပါစေသော။

အထက်ပါအချက်အလက်များနှင့် ကျမ်းပိုဒ်များမှာ ခရစ်ယန်သမ္မာကျမ်းစာမှ ကောက်နုတ်ချက် များ ဖြစ်ပါသည်။ သမ္မာကျမ်းစာကို ဆက်လက်ဖက်ရှုလေ့လာပါရန် တိုက်တွန်းပါသည်။

---

မှတ်ချက် Together we Stand Blog မှထပ်ဆင့်ကူးယူဖော်ပြထားပါသည်။